# အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများ ကူညီထောက်ပံ့ရေးနေ့

**“United Nations International Day in Support of Victims of Torture”**

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၆) ရက်။

၁။ အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများအား ထောက်ပံ့ကူညီရေးနေ့ (United Nations International Day in Support of Victims of Torture) သည် နှစ်စဉ် ဇွန်လ (၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော အပြည်ပြည် ဆိုင်ရာနေ့ထူးနေ့မြတ်ဖြစ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၁၉၉၇ ခုနှစ်တွင် ဆုံးဖြတ်ချက် ၅၂/၁၄၉ ဖြင့် ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို တိုက်ဖျက်နိုင်ရေး လုပ်ငန်းများအား ထိရောက်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ သတ်မှတ်ကြေငြာခဲ့ခြင်း ဖြစ်ပါသည်။

၂။ ညှဉ်းပန်းနှိပ်စက်မှုဆိုသည်မှာ လူသားမျိုးနွယ်အပေါ် လူ့အခွင့်အရေးကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်ပြီး မည်သည့်နည်းနှင့်မျှ လက်ခံနိုင်ဖွယ်မရှိသော၊ နိုင်ငံတကာဥပဒေများအရလည်း တားမြစ်ထားသောရာဇဝတ်မှု ဖြစ်ပါသည်။ ထို့အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအနေဖြင့်လည်း ညှဉ်းပန်းနှိပ်စက်မှုကို လူသားအချင်းချင်း ကျူးလွန်သည့် အဆိုးရွားဆုံး လုပ်ရပ်များထဲမှ တစ်ခုအဖြစ် အစကနဦးတည်းကပင် သတ်မှတ်ရှုချထားပါသည်။ ယခုကျရောက်သော အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများ ကူညီထောက်ပံ့ရေးနေ့တွင် မိမိတို့အဖွဲ့ အစည်းများအနေဖြင့် ကြောက်မက်ဖွယ်ရာညှဉ်းပန်းနှိပ်စက်မှုများကို ခံစားခဲ့ရသည့် ကမ္ဘာတစ်ဝှမ်းရှိ လူထောင် ပေါင်းများစွာနှင့် အတူတကွ ရပ်တည်လျက်ရှိကြောင်း၊ ထိုညှဉ်းပန်းနှိပ်စက်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့သူများ ကိုလည်း အထူးလေးစားဂုဏ်ပြုကြောင်း ပြောကြားအပ်ပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်စစ်တပ်သည် အာဏာသိမ်းပြီးနောက် ဆန့်ကျင်ဆန္ဒထုတ်ဖော်သည့် ပြည်သူများအား ဥပဒေမဲ့ မတရားဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများနှင့် အခြား လူ့အခွင့်အ ရေး ချိုးဖောက်မှုမျိုးစုံကို ကျူးလွန်လျက်ရှိကာ မြန်မာပြည်သူများသည် အကာအကွယ်မဲ့ အနေအထားဖြင့် ရက်စက်သော၊ လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ရင်ဆိုင်တွေ့ကြုံနေကြရပါသည်။ အကျဉ်းထောင်များ အတွင်း မတရားဖမ်းဆီးချုပ်နှောင်၍ ညှင်းပန်းနှိပ်စက်ခြင်း၊ စစ်ကြောရေးစခန်းများ၌

ရိုက်နှက်နှိပ်စက်ခြင်းများ အပြင်၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုဖြစ်ပွားစေသည်အထိ လူမဆန်စွာ ညှင်းပန်းမှုမျိုးစုံကို အကြမ်းဖက် စစ်ကောင်စီမှ ပြည်သူလူထုအပေါ် ကျူးလွန်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ယခုကျရောက်သော အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများ ကူညီထောက်ပံ့ရေးနေ့တွင် ညှဉ်းပန်းနှိပ်စက်ခြင်းကို လူ့အခွင့်ရေးချိုးဖောက်မှုတစ်ခုအဖြစ်သတ်မှတ်ပြီး ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ် သွားစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံတိုက်ဖျက်ရေး သဘောတူညီချက်အား ချိုးဖောက်သူများကိုလည်း ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရေးနှင့် ချိုးဖောက်မှုများကို တားဆီးကာကွယ် ရန် ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများအနေဖြင့် မြန်မာပြည်သူများ နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းတောင်းဆိုအပ်ပါသည်။

**ထုတ်ပြန်သည့်အဖွဲ့အစည်းများ**

- New Myanmar Foundation (NMF)
- History Carrier (HC)
- Magway Region Human Rights Network (MHRN)
- Women Lead Resource Center (WLRC)
- Youth Empowerment (YE)